သတင်းထုတ်ပြန်ချက်

# နိုင်ငံတကာ ရာဇဝတ်ခုံရုံးအပေါ် ဒဏ်ခတ်အရေးယူမှုများကြောင့် Trump အစိုးရအဖွဲ့ကို Fortify Rights ၏ အမှုဆောင်အရာရှိချုပ်မှ တရားစွဲဆို

**တရားစွဲဆိုချက်အရ Trump ၏ ဒဏ်ခတ်အရေးယူမှုသည် ICC နှင့်အတူ အလုပ်လုပ်ဆောင်နေသော အမေရိကန်နိုင်ငံသားများ၏ အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပထမပြင်ဆင်ချက် (First Amendment) အောက်ရှိ အခွင့်အရေးများကို ချိုးဖောက်သည်ဟု တင်ပြထားသည်။**

(ဘန်ကောက်မြို့၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့) — Fortify Rights ၏ အမှုဆောင်အရာရှိချုပ် Matthew Smith နှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ Akila Radhakrishnan တို့သည် Trump အစိုးရအဖွဲ့မှ နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ၏ ဦးဆောင်အစိုးရရှေ့နေချုပ်အား ဒဏ်ခတ်အရေးယူမှုများပြုလုပ်ရန် စီရင်ဆုံးဖြတ်ခွင့်အမိန့်အာဏာချမှတ်ခြင်းအတွက် ၎င်းတို့အား အမေရိကန်တရားရုံးတွင် တရားစွဲဆိုထားကြောင်း Fortify Rights မှ ယနေ့ ပြောကြားခဲ့သည်။ Smith နှင့် Radhakrishnan နှစ်ဦးစလုံးအား အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေမှ အာမခံထားသော လူတစ်ဦးချင်း၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကာကွယ်မြှင့်တင်ပေးသည့် ထိပ်တန်း အမေရိကန်အဖွဲ့အစည်းတစ်ခုဖြစ်သည့် American Civil Liberties Union (ACLU) မှ ကိုယ်စားပြုထားသည်။ တရားစွဲဆိုမှုတွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း သမ္မတ Trump ၏ ICC အပေါ်ပိတ်ဆို့အရေးယူမှုများသည် Smith, Radhakrishnan နှင့် ၎င်းတို့ကဲ့သို့သော အမေရိကန်ပြည်သူများအနေဖြင့် ICC ၏ အစိုးရရှေ့နေချုပ်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်း၊ ကျွမ်းကျင်သူများ၏ သုံးသပ်ချက်များ တင်ပြခြင်းနှင့် သက်သေအထောက်အထားများ ပေးပို့ခြင်းတို့ကို တားမြစ်ခြင်းအားဖြင့် အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပထမပြင်ဆင်ချက် (First Amendment) အခွင့်အရေးကို ချိုးဖောက်ရာရောက်ပါသည်။

"နိုင်ငံတကာရာဇဝတ်ခုံရုံးဟာ နိုင်ငံအတွင်း တရားစီရင်ရေးစနစ်များအနေနဲ့ တရားမျှတမှု မပေးနိုင်တော့တဲ့အခါ ပြင်းထန်တဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံရသူတွေအတွက် အားထားရာ တရားလွှတ်တော်တစ်ခုဖြစ်တယ်" ဟု **ACLU ၏ အမျိုးသားလုံခြုံရေးစီမံကိန်းမှ ဝန်ထမ်းရှေ့နေ Charlie**

FORTIFY RIGHTS

**Hogle** က ပြောကြားခဲ့သည်။ "ကျွန်ုပ်တို့ရဲ့ အမှုသည်တွေနဲ့ အလားတူ အခြားအမေရိကန် ပြည်သူများကို လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းတွေ ဆောင်ရွက်ခွင့်ကနေ ပိတ်ပင်တားဆီးခြင်းက အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီမှုမရှိပါဘူး။"

စီရင်ဆုံးဖြတ်ခွင့်အမိန့်အရ ရက်စက်ကြမ်းကြုတ်မှုများကြောင့် ထိခိုက်ခံစားရသူများဖြစ်သည့် မြန်မာနိုင်ငံမှ လူမျိုးတုံးသတ်ဖြတ်ခြင်းခံခဲ့ရသည့် ရိုဟင်ဂျာလူမျိုးများ၊ သို့မဟုတ် တာလီဘန် လက်အောက်တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ခံစားခဲ့ရသော အာဖဂန်အမျိုးသမီးများအပေါ် တရားမျှတမှု ရရှိရေးအတွက် ဘဝတစ်ခုလုံးကို မြှုပ်နှံကာ အလုပ်လုပ်နေသည့် အမေရိကန် ပြည်သူများသည် မိမိတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လျော်ညီသော အခွင့်အရေးကို အသုံးပြုခြင်းအားဖြင့် ICC ၏ စုံစမ်းစစ်ဆေးရေး အရာရှိများနှင့် တရားလွှတ်တော် ရှေ့နေချုပ်များအား ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် အားပေးထောက်ခံမှုများ ပြုလုပ်ပါက ပြင်းထန်သော ပြစ်ဒဏ်များကို ရင်ဆိုင်ရနိုင်ပါသည်။

"ဒီအမိန့်ကြောင့် မြန်မာပြည်သူတွေအပေါ် ကျူးလွန်ခဲ့တဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနဲ့ လူကုန်ကူးမှုတွေ အပါအဝင် ကြောက်စရာကောင်းတဲ့ ရာဇဝတ်မှုတွေကို ICC အနေနဲ့ စုံစမ်းစစ်ဆေးဖို့ ကူညီနေတဲ့အလုပ်တွေကို ရပ်တန့်လိုက်ရပါတယ်" ဟု **Fortify Rights ၏ ပူးတွဲတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်** Matthew Smith က ပြောသည်။ "ဒီစီရင်ဆုံးဖြတ်ခွင့်အမိန့်က ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေကို အနှောင့်အယှက်ပေးရုံတင်မကဘူး နိုင်ငံတကာ တရားမျှတမှုအတွက် ကြိုးပမ်းမှုတွေကိုပါ အမှန်တကယ် လျော့ပါးစေတဲ့အပြင် မတွေးဝံ့စရာကောင်းလောက်အောင် ကြောက်မက်ဖွယ်ရာများ ကြုံတွေ့နေရတဲ့ လူမှုအသိုက်အဝန်းတွေအတွက် တာဝန်ယူမှု တာဝန်ခံမှုလမ်းကြောင်းကိုပါ ပိတ်ပင်တားဆီးထားပါတယ်။"

Matthew Smith နှင့် Akila Radhakrishnan တို့သည် ICC ၏ အစိုးရရှေ့နေချုပ်ရုံးနှင့် ဆက်လက်ပူးပေါင်းလုပ်ကိုင်ခြင်းကို ရပ်ဆိုင်းရသည့်အပြင် ကြောက်မက်ဖွယ်ရာ ရာဇဝတ်မှုများအား ဦးဆောင်ကာ လူ့အခွင့်အရေး ချိုးဖောက်သူများကို တာဝန်ယူမှု တာဝန်ခံမှု ရှိစေရန် ကြိုးပမ်းအားထုတ်မှုများအား အချိန်အကန့်အသတ်မရှိ ရပ်ဆိုင်းခဲ့ရခြင်းကြောင့် တရားစွဲဆိုခြင်း ဖြစ်သည်။ တရားစွဲဆိုမှုတွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း၊ အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေ၏

ပထမပြင်ဆင်ချက် (First Amendment) အရ အမေရိကန်ပြည်သူများ၏ ပြောဆိုခွင့်နှင့် မည်သူအား မည်သို့ ပြောဆိုနိုင်သည်ကို အစိုးရမှ ကန့်သတ်ချက် ချမှတ်ခွင့် မရှိပါ။

"တာလီဘန်တွေရဲ့ ဖိနှိပ်မှုကို ခံနေရတဲ့သူတွေဟာ တရားမျှတမှုအတွက် သူတို့နိုင်ငံရဲ့တရားရုံးတွေကို အားထားလို့မရပါဘူး။ ဒါကြောင့်ပဲ သူတို့ ICC ကို အားထားကြနေရပြီး၊ သူတို့အတွက် တရားမျှတမှုနဲ့ တာဝန်ယူမှု တာဝန်ခံမှုရရှိရေး တိုက်ပွဲမှာ သူတို့နဲ့အတူ ပူးပေါင်းပါဝင်နိုင်ဖို့က ကျွန်မအတွက် အလွန် အရေးကြီးပါတယ်" ဟု **နိုင်ငံတကာ လူ့အခွင့်အရေးရှေ့နေ Akila Radhakrishnan** က ပြောသည်။ "အာဖဂန်နစ္စတန်က အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေအပေါ် စနစ်တကျ အကြမ်းဖက်မှုတွေ ကျူးလွန်ခဲ့တဲ့ တာလီဘန်တွေကို တာဝန်ယူမှုရှိစေဖို့ ကြိုးစားနေတဲ့ ကျွန်မအနေနဲ့ ပြစ်ဒဏ်မခံစားရအောင် ကျွန်မတို့နိုင်ငံရဲ့ အစိုးရကို ဒီတရားစွဲဆိုချက် တင်သွင်းထားတာပါ။"

အမေရိကန်နိုင်ငံ အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် ကူညီစေမည့် ရည်ရွယ်ချက်ဖြင့် ICC ကို ၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ICC သည် ပြည်တွင်းတရားရုံးများက ဆောင်ရွက်ရန် ဆန္ဒမရှိသော်လည်းကောင်း၊ မလုပ်ဆောင်နိုင်သော်လည်းကောင်း ဖြစ်သည့် အခြေအနေများတွင် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ အပါအဝင် အပြင်းအထန်ဆုံး ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေး၍ တရားစွဲဆိုသည်။ ယနေ့တွင် နိုင်ငံပေါင်း ၁၂၅ နိုင်ငံသည် "ရောမဥပဒေ" ဟု လူသိများသည့် ICC ၏ စတင်ဖွဲ့စည်းမှုသဘောတူ စာချုပ်တွင် ပါဝင်လာခဲ့ပြီဖြစ်သည်။ တရားစွဲဆိုမှုတွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း၊ အမေရိကန်ပြည်ထောင်စုနိုင်ငံသည် ရောမသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားခြင်းမရှိသော်လည်း ICC ၏ အရေးပါကျယ်ပြန့်သည့် လုပ်ဆောင်ချက်များအပေါ် ထောက်ခံမှုပေးခဲ့သည်။

ဤတရားစွဲဆိုမှုတွင် Matthew Smith နှင့် Akila Radhakrishnan ကိုယ်စား ACLU နှင့် Maine မှ ACLU တို့က အမေရိကန် ပြည်ထောင်စု Maine ခရိုင်တရားရုံးတွင် တင်သွင်းခဲ့သည်။ ၂၀၂၀ ခုနှစ်တွင်လည်း သမ္မတ Trump မှ အလားတူ ဒဏ်ခတ်အရေးယူမှုများ ချမှတ်ခဲ့စဉ်ကာလအတွင်း ICC နှင့် ဆက်လက်ပူးပေါင်းလုပ်ကိုင်ခြင်းမှ တားမြစ်ရပ်ဆိုင်းခံခဲ့ရသော လူ့အခွင့်အရေး ကျွမ်းကျင်သူများ

ကိုယ်စား ACLU က တရားစွဲဆိုခဲ့သည်။ နောက်ပိုင်းတွင် သမ္မတ Joe Biden က ထိုဒဏ်ခတ် အရေးယူမှုများကို ရုပ်သိမ်းခဲ့ရာမှ ACLU ၏ အမှုသည်များသည် ၎င်းတို့၏ တရားစွဲဆိုမှုကိုလည်း ရုပ်သိမ်းခဲ့ကြသည်။ သို့သော် သီးခြားတရားစွဲဆိုမှုတစ်ခုတွင် ဖယ်ဒရယ်တရားရုံးတရုပ်က ထိုဒဏ်ခတ်မှုသည် အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပထမပြင်ဆင်ချက် (First Amendment) အား ချိုးဖောက်ဖွယ်ရှိကြောင်း သဘောတူခဲ့သည်။

---

**ပိုမိုသိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်။**


**Winter Berry (မဝင်းထား)**
Communications Associate
Fortify Rights
ဘာသာစကားများ - မြန်မာ၊ အင်္ဂလိပ်
+1 551-309-0186 (Signal)
+1 202 503 8032 (U.S.)
**အီးမေးလ်** - Winter.Berry@FortifyRights.org
**တွစ်တာ/X** - @FortifyRights

**Allegra Harpootlian**
**Senior Communications Strategist**
**ACLU**
**အီးမေးလ်** - Aharpootlian@aclu.org